## သာမညဖလသုတ်အဓိပ္ပါယ်ကောက်နှုက်ချက်များ

## ဘယ(၄)မျိုး

၁။**စိတ္တုတြာသဘာယ** = ပဋိသန္ဓေနေရခြင်းစသည်ကိုတွေး၍ထိတ်လန့်နေသောစိတ်၏အမူအရာ။

၂။**ဉာဏဘာယ** = ဘုရားရှင်သည်ခန္ဓာငါးပါးကိုဖြစ်ကြောင်းသမုဒယ၊ချုပ်ရာအတ္တင်္ဂမအားဖြင့်နှစ်ပါးစီ ခွဲခြား၍ဟောတော်မူသောအခါအသက်ရှည်စွာချမ်းချမ်းသာသာနေရသောနတ်တို့သော်မှခန္ဓာငါးပါး ကိုကြောက်ဖွယ် ကြောက်စရာဟုဆုံးဖြတ်သောဉာဏ်(ဩတ္တပ္ပနှင့်အတူဖြစ်သောဉာဏ်)

၃။**အာရမ္မဏဘာယ** =ကြောက်စရာကောင်းသောသတ္တဝါနှင့်ကြောက်စရာအရာဝတ္ထုဖြစ်သောအာရုံ။

၄။**ဩတ္တပ္ပဘာယ** = မကောင်းမှုမှကြောက်လန့်တတ်သောဩတ္တပ္ပစေတသိက်

အကုသိုလ်ပြုဖို့အရေးရောက်လျှင်ကြောက်လန့်တတ်သူကိုသာချီးမွမ်းကြ၏။

ပြုရဲသူကိုမချီးမွမ်းကြ။မကောင်းမှုကြောက်လန့်ခြင်းကြောင့်သူတော်ကောင်းတို့သည်မကောင်းမှုကို မပြုကြ။ (သာဓုသုတ်) (သံ၊၁၊၂၁) သဂါထာဝဂ္ဂသံယုတ်။

## မထိုင်သင့်သောနေရာအရပ်ဒေသ (၈)ပါး

၁။ရှေ့တည့်တည့်အရပ်

၂။နောက်ကျောအရပ်

၃။နီးကပ်သည့်အရပ်

၄။ဝေးလွန်းသောအရပ်

၅။မြင့်လွန်းသောအရပ်

၆။နိမ့်လွန်းသောအရပ်

၇။လေညာအရပ်

၈။စိုထိုင်းနေသောအရပ်

(မင်္ဂလသုတ်၊အဌကထာ၊၉၉၊ခုဒ္ဒကပါဌ)

## ဘုရားရဟန္တာများ၏တာဒိ(သည်းခံခြင်း)ဂုဏ် (၅)ပါး

၁။လောကဓံရှစ်ပါးဟူသောဣဋ္ဌာရုံအနိဋ္ဌာရုံတို့၌သည်းခံတော်မူခြင်းတာဒိဂုဏ်။

၂။ကိလေသာတို့ကိုပယ်ပြီးဖြစ်သောကြောင့်ကိလေသာတို့ဖြစ်ခြင်းမှကင်းခြင်းတာဒိဂုဏ်။

၃။ဩဃလေးဖြာသံသရာမှလွန်မြောက်ပြီးဖြစ်သောကြောင့်သံသရာလည်ခြင်းမှကင်းခြင်း

တာဒိဂုဏ်။

၄။ရာဂစိတ်စသည်မှလွတ်မြောက်ပြီးဖြစ်သောကြောင့်ရာဂစိတ်စသည်ဖြစ်ခြင်းမှကင်းခြင်း

တာဒိဂုဏ်။

၅။သီလ၊သဒ္ဓါ၊ဝီရိယ၊သတိ၊သမာဓိ၊ပညာ၊ဝိဇ္ဇာ၊အဘိညာဉ်တို့နှင့်ပြည့်စုံခြင်းကြောင့်

သီလရှိသည့်ပုဂ္ဂိုလ်စသည်ဖြင့်ညွှန်ပြနိုင်ခြင်းတာဒိဂုဏ်။(မဟာနိဒ္ဒေသ၊၈၈-၉)

## ပညာမဲ့သူ၊သဘောထားမပြည့်ဝသူနှင့်ပညာရှိသူ၊သဘောထားပြည့်ဝသူ

ပညာမဲ့သူ၊သဘောထားမပြည့်ဝသူသည်သူတစ်ပါးပြောသောစကား၌

စကားလုံးတိုင်းမှာအပြစ်ရှာတတ်၏။ပြောဆိုဖို့ခက်ခဲ၏။

ပညာရှိသူ၊သဘောထားပြည့်ဝသူသည်ကားမှန်လျှင်ချီးမွမ်း၍မှားလျှင်ပြုပြင်ပေး၏။ပြောဆိုဖို့လွယ်ကူ၏။ (ဒီ၊ဋ္ဌ၊၁၊၁၄၄) သာမညဖလသုတ်အဖွင့်။

## အာဏာတ္တိနှင့်အာယာစန

အာဏာရှိသူ၏တိုက်တွန်းခြင်းသည်အာဏာတ္တိမည်၏။

အာဏာမရှိသူ၏တိုက်တွန်းခြင်းကားအာယာစနမည်၏။

(သီ၊ဋီ၊သစ်၊၂၊၅၈)

### ဓာတ်လေးပါးတို့ထင်ရှားအားကောင်းသည့်အချိန်အခါ၊တူညီမှုနှင့်ဆန့်ကျင်ဘက်

ခြေကိုကြွရာ၊လှမ်းရာအခါတို့၌တေဇောဓာတ်၊ဝါယောဓာတ်တို့သည်ထင်ရှားအားကောင်း၏။ခြေကိုအောက်သို့ချရာ၊ဖိနင်းရာအခါတို့၌ပထဝီဓာတ်၊အာပေါဓာတ်တို့သည်ထင်ရှားအားကောင်း၏။

- မီးနှင့်လေမိတ်ဆွေတော်ကြသဘာဂ

မြေနှင့်ရေမိတ်ဆွေတော်ကြသဘာဂ

- မီးနှင့်ရေမိတ်ဆွေမစပ်ပဋိယတ်

မီးနှင့်လေမိတ်ဆွေမစပ်ပဋိယတ် (ရှေးဆရာများ)

## သတိသမ္ပဇဉ်မြဲစေချင်

ရှင်လူအများသတိထားလော့

သွားဆဲကာလခါသမယဝယ်

ပဌမခြေလှမ်းရုပ်နာမ်တန်းတို့

လှမ်းဒုတိယမရောက်ကြဘူး။

ဒုတိယလှမ်းရုပ်နာမ်တန်းလည်း

လှမ်းတတိယမရောက်ကြပင်

တစ်လှမ်းတွင်လည်းမြောက်စင်တစ်မျိုး

ရှေ့တိုးတစ်ဖုံလွန်ပုံတစ်ဝ

အောက်ချတစ်စင်းထိခြင်းတစ်လွေ့

ဖိနင်းစေ့အောင်တစ်ရွေ့ရွေ့မြန်း

အခန်းခန်း၌တစ်လှမ်းပိုင်းခြား

အစိတ်ခြောက်ပါးဝယ်သွယ်သွယ်နာမ်တန်း

ရုပ်အတန်းတို့နှမ်းအိုးခင်းထက်

နှမ်းတွေကျက်သို့ဖြစ်ပျက်နေရ

အနိစ္စသည်ဒုက္ခ- အနတ္တချည်းတည်း။(မဟာဂန္ဓာရုံဆရာတော်)

## အာဂန္တုက(၂) မျိုး

မကြာမကြာလာတတ်သောကြောင့်အလေ့အကျင့်ရပြီးသောဒြေ့သည်ကို**အတိထိအာဂန္တုက**

အလေ့အကျင့်မရှိသေးသောယခုမှရောက်လာသောဒြေ့သည်ကို**အဗ္ဘာဂတအာဂန္တုက**။

အဘိက္ကန္တေပဋိက္ကန္တေသမ္ပဇာနကာရီဟောတိ၌သွားခြင်းသည်

ဆွမ်းခံသွားခြင်းစသောအားဖြင့်ခရီးအရှည်သွားခြင်းဖြစ်၏။ (အဝေးသွား)

ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ၌သွားခြင်းသည်ကားကျောင်းတွင်းဝယ်ဟိုအနားဒီအနားသို့သွားခြင်းစသောအနီးသွားခြင်း ဖြစ်၏။ (အနီးသွား)

သမ္မောဟဝိနောဒနီ၊ဈာနဝိဘင်္ဂ၊အဋ္ဌကထာ(၃၄၈) ၌နှစ်ဌာနတို့၌ပါရှိ၍နှစ်မျိုးသာခွဲပြထား၏။

ဂစ္ဆန္တောဝါဂစ္ဆာမီတိပဇာနာတိ၌သွားခြင်းသည်
ခရီးရှည်ခရီးဝေးသွားခြင်းဖြစ်၏။

အဘိက္ကန္တေပဋိက္ကန္တေသမ္ပဇာနကာရီဟောတိ၌သွားခြင်းသည်
အလယ်အလတ်ခရီးသွားခြင်းဖြစ်၏။ (မနီးမဝေးသွားခြင်း)

ဂတေဌိတေ၊ပ၊သမ္ပဇာနကာရီဟောတိ၌သွားခြင်းသည်ကား
ကျောင်းအတွင်း၌အနီးအနားသွားခြင်းဖြစ်၏။
မဟာသတိပဋ္ဌာနသုတ်၌ကားသုံးဌာနဟောထား၍သုံးမျိုးခွဲပြ၏။

(ဒီ၊ဋ္ဌ၊၁၊၁၈၀၊သာမညဖလသုတ်အဖွင့်)

**ပစ္စေကဗုဒ္ဓါဖြစ်ဖို့ရာကျင့်စဉ်**

၄၂။စာတုဒ္ဒိသောအပ္ပဋိဃောစဟောတိ၊သန္တုဿမာနောဣတရီတရေန။
ပရိဿယာနံသဟိတာအဆမ္ဘီ၊ဧကောစရေခဂ္ဂဝိသာဏကပ္ပေါ။

(သုတ္တနိပါတ၊၂၈၆)

၁။အရပ်လေးမျက်နှာ၌ပြဟ္မဝိဟာရတရားဖြင့်နေခြင်း။
၂။မိမိ၊သူတစ်ပါးကိုမထိပါးမနှိပ်စက်ခြင်း။
၃။ရသမျှရှိသမျှဖြစ်သမျှပစ္စည်းဖြင့်တင်းတိမ်ရောင်ရဲခြင်း။
၄။တိရစ္ဆာန်ဆိုးစသောပြင်ပဘေးရန်၊ကာမစ္ဆန္ဒစသောအတွင်းဘေးရန်တို့ကိုသည်းခံဖယ်ရှားနိုင်ခြင်း။
၅။ကြောက်စရာအာရုံတွေ့ကြုံလာသောအခါကြောက်ရွံ့မှုမရှိခြင်း။
၆။ကြံ့၏ဦးချိုတစ်ချောင်းကဲ့သို့အဖော်မလိုတစ်ကိုယ်တည်းသာကျင့်ခြင်း။
ရောဂါအကြွင်းကြွေးအကြွင်းနှင့်မီးကြွင်းတစ်ဖန်ရန်ကြွင်းမှန်ကျန်လျှင်မကောင်းတည်း။

**ကာမစ္ဆန္ဒနီဝရဏကိုပယ်ကြောင်းတရား(၆)ပါး**

၁။အသုဘအာရုံကိုသင်ယူခြင်း
၂။အသုဘဘာဝနာကိုအားထုတ်ခြင်း
၃။ဣန္ဒြေ (၆)ပါးကိုစောင့်စည်းခြင်း
၄။ဘောဇဉ်၏အတိုင်းအရှည်ပမာဏကိုသိခြင်း

၅။ကလျာဏမိတ္တရှိခြင်း

၆။လျောက်ပတ်သောစကားကိုပြောခြင်း

## ဗျာပါဒနီဝရဏကိုပယ်ကြောင်းတရား (၆)ပါး

၁။မေတ္တာအာရုံကိုသင်ယူခြင်း

၂။မေတ္တာဘာဝနာကိုအားထုတ်ခြင်း

၃။ကမ္မဿကတာ = ရန်သူကိုမြင်လျှင်ဒေါသမဖြစ်ဘဲကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိသည်အဖြစ်ကို

နလုံးသွင်းခြင်း

၄။ပဋိသင်္ခါနဗဟုလတာ = အသင့်အားဖြင့်ဆင်ခြင်မှုများခြင်း

၅။ကလျာဏမိတ္တရှိခြင်း

၆။လျောက်ပတ်သောစကားကိုပြောခြင်း

## ထိနမိဒ္ဓနီဝရဏကိုပယ်ကြောင်းတရား (၆)ပါး

၁။အတိဘောဇနနိမိတ္တဂ္ဂါဟော = အစားအသောက်အလွန်စားခြင်း၌ထိနမိဒ္ဓ၏ဖြစ်ကြောင်းဟု

ယူခြင်း (အစားအသောက်အတိုင်းအရှည်ပမာဏကိုသိခြင်း)

၂။ဣရိယာပုထ်ကိုပြောင်းလဲခြင်း

၃။အာလောကသညာကိုနလုံးသွင်းခြင်း

၄။လွင်တီးခေါင်၌နေခြင်း

၅။ကလျာဏမိတ္တရှိခြင်း

၆။လျောက်ပတ်သောစကားကိုပြောခြင်း

## ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကိုပယ်ကြောင်းတရား(၆)ပါး

၁။အကြားအမြင်ဗဟုသုတရှိခြင်း

၂။မေးမြန်းလေ့လာခြင်း

၃။ဝိနည်း၌ကျွမ်းကျင်လိမ်မာခြင်း

၄။ကြီးသူကိုမှီခိုနေခြင်း

၅။ကလျာဏမိတ္တရှိခြင်း

၆။လျော့က်ပတ်သောစကားကိုပြောခြင်း

**ဝိစိကိစ္ဆာနီဝရဏကိုပယ်ကြောင်းတရား (၆)ပါး**

၁။အကြားအမြင်ဗဟုသုတရှိခြင်း

၂။မေးမြန်းလေ့လာခြင်း

၃။ဓမ္မဝိနည်း၌ကျွမ်းကျင်လိမ်မာခြင်း

၄။အဆုံးအဖြတ်များခြင်း

၅။ကလျာဏမိတ္တရှိခြင်း

၆။လျော့က်ပတ်သောစကားကိုပြောခြင်း

အရူပဈာန်တို့သည်လည်းမရလျှင်မပြီးအရေးကြီးသောဈာန်ဖြစ်ပါလျှက်ပါဠိတော်၌အရူပဈာန်တို့ကိုအဘယ့်ကြောင့်ဟောတော်မမူဘဲရူပစတုတ္ထဈာန်၌သာရပ်တန့်ဟောတော်မူပါသနည်း? အဘိညာဉ်ကိစ္စကိုဆောင်ရွက်သောအခါရူပစတုတ္ထဈာန်ကိုအခြေခံ၍ဆောင်ရွက်ရသော ကြောင့်ရူပစတုတ္ထဈာန်၌သာရပ်တန့်ဟောတော်မူပါသည်။

အရူပဈာန်တို့သည်အသုံးမဝင်သောကြောင့်မထည့်ခြင်းမဟုတ်ပါ။

(သီ၊ဋ္ဌီ၊သစ်၊၂၊၁၄၂)

**ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် မဟုတ်လော။ ထိုသို့ဖြစ်ပါလျှက် အဘယ့်ကြောင့် အဘိညာဉ်(၆)ပါးတို့၏ ရှေးဖြစ်သောဤအရာ၌ပင် ပြရပါသနည်း?**

အဘိညာဉ်တို့ကို စ၍အားထုတ်သောအခါ ဤဝိပဿနာသည် အဘိညာဉ်၏ လက္ခဏာ မရှိသောကြောင့် လောကီအဘိညာဉ်ငါးပါး၏ အပြီး အာသဝက္ခယအဘိညာဉ်၏ ရှေ့၌ ဝင်ဖို့ရန် အလှည့်အကြိမ် မရနိုင်။ ထို့ကြောင့် ထိုအဘိညာဉ်တို့၏ အကြား၌ ဝင်ခွင့်မရသည့်အတွက် ဤစတုတ္ထဈာန်၏ အခြားမဲ့၌ ဟောတော်မူ၏။

(တနည်း)ဝိပဿနာဉာဏ်ကြောင့် ပါမောဇ္ဇ ပီတိ ပဿဒ္ဓိတို့ အစဉ်အတိုင်း ဖြစ်ပြီးသောအခါ ဖြစ်ပေါ်လာသောသုခကို ဝိပဿနာသုခဟု ခေါ်၏၊ ထိုဝိပဿနာသုခသည် မဂ္ဂဖလသုခကို ဖြစ်စေနိုင်သော သန္ဒိဋ္ဌိက သာမညဖလတည်း။ ထိုသို့ သီးခြားသာမညဖလဖြစ်သောကြောင့် အဘိညာဉ်တို့၏ အစ၌ သီးခြားပြတော်မူ၏။ ဤနောက်နည်းသည်သာ ပါဠိတော်အစဉ်နှင့် နီးနောမိသောကြောင့် အသင့်တော်ဆုံး နည်းဖြစ်၏ဟု ပညာရှိတို့ မိန့်ကြ၏။

## နိဗ္ဗာန်နှင့်ဝေးသူ

၂၅၃။ပရဝဇ္ဇာနုပဿိဿ၊နိစ္စံဥဇ္ဈာနသညိနော။

အာသဝါတဿဝဍ္ဍန္တိ၊အာရာသောအာသဝက္ခယာ။

သူတစ်ပါး၏အပြစ်ကိုအဖန်ဖန်ရှုလေ့ရှိသောအမြဲမပြတ်ကဲ့ရဲ့တတ်သူအားအာသဝေါတရားတို့သည် တိုးပွားကုန်၏၊ထိုသူသည်အာသဝေါတရားတို့၏ကုန်ရာနိဗ္ဗာန်မှဝေးကွာ၏။

(၁၁၊ဥဇ္ဈာနသညိတ္ထေရဝတ္ထု၊၁၈၊မလဝဂ်၊ဓမ္မပဒအဋ္ဌကထာ၊၂၊၂၃၉)

## သရဏ

သရဏဂုံသုံးပါးကိုကိုးကွယ်ဆည်းကပ်နေသူတို့မှာထိုသရဏဂုံတွေကဝဋ်ဘေးကိုငှင်း၊စိတ် ထဲ၌ပြင်းထန်စွာထိတ်လန့်ခြင်းကိုငှင်း၊ကိုယ်ဆင်းရဲခြင်းကိုငှင်း၊အပါယ်ဘုံဘဝ၌အနှိပ်စက်ခံရခြင်း၊ အနှိပ်စက်မခံရသော်လည်းအမြဲတမ်းပူပန်ကြောင့်ကြနေရခြင်းကိုငှင်း၊ပယ်ဖျောက်ဖျက်ဆီးတတ်ေ သာကြောင့်သရဏမည်၏။ရတနာသုံးပါး၏အမည်ဖြစ်၏။

ဥပမာတိရစ္ဆာန်စသည်ဖြစ်၍အနှိပ်စက်ခံရမှု၊အနှိပ်စက်မခံရသော်လည်းအမြဲတမ်းပူပန် ကြောင့်ကြမှုများကိုပယ်ဖျောက်တတ်,ကာကွယ်ပေးတတ်၏။

## ရတနာသုံးကိုအဘယ်ကြောင့်သရဏဟုခေါ်ရသနည်း

ကောင်းတာများကိုဖြစ်စေတတ် (လမ်းညွှန်တတ်)သည်ဖြစ်၍ငှင်း၊ မကောင်းတာများကို တားမြစ်သည်ဖြစ်၍ငှင်း၊သတ္တဝါတို့၏ဘေးဒုက္ခအပေါင်းကိုပယ်ဖျောက်ကာကွယ်ပေးတတ်သော ကြောင့်ဗုဒ္ဓကိုသရဏဟုခေါ်၏။

ဗုဒ္ဓအစစ်အမှန်ဖြစ်လျှင်မကောင်းတာကိုလုံးဝတားမြစ်၏၊ဘုရားအစစ်အမှန်မဟုတ်လျှင် ကား'မင်းတို့ငါ့ကိုသာယုံကြည်လက်ခံပါ၊မင်းတို့အပြစ်ကိုခွင့်လွှတ်တယ်၊ကောင်းကင်ဘုံသို့ပို့ပေး မယ်'ဟုပြောဆိုသဖြင့်မကောင်းတာကိုတားမြစ်မှုမရှိဘဲခွင့်ပြုရာပင်ရောက်နေ၏။

'မင်းတို့လုပ်ချင်ရာလုပ်၊ငါ့ကိုယုံကြည်အားကိုးလျှင်ဒီမကောင်းမှုတွေကပပျောက်တယ်'ဟုပြောတော့ ဒုစရိုက်ကိုတားဆီးမှုမရှိ၊အားပေးအားမြှောက်ပြုလုပ်နေ၏။

## ဘဝကန္တာရ

(ဘဝဆင်းရဲ)များမှလွန်မြောက်စေတတ်သည်ဖြစ်၍ငှင်း၊တရားကိုကျင့်ကြံအားထုတ်နေကြ သည့်ပုဂ္ဂိုလ်များကိုဘဝဆင်းရဲများမှသက်သာရာသက်သာကြောင်းဖြစ်၍ငှင်း၊သတ္တဝါတို့၏ဘေးဒုက္ခ အပေါင်းကိုပယ်ဖျောက်ကာကွယ်ပေးတတ်သောကြောင့်ဓမ္မကိုသရဏဟုခေါ်၏။

မဂ်တရားသည်ခုနစ်ဘဝအထက်၌မဖြစ်စေခြင်းစသည်ဖြင့်ဘဝဆင်းရဲများမှလွန်မြောက်စေ၏၊ဖိုလ်တရားနိဗ္ဗာန်တရားတို့သည်ဖလသမာပတ်ဝင်စား၍နိဗ္ဗာန်ကိုအာရုံပြုသောအခါသံသရာဝဋ်ဆင်းရဲ၏သက်သာရာရမှုကိုသေချာပေးနိုင်၏။ပရိယတ်တရားသည်လည်းကြားနာလေ့လာသင်ယူ၍နေရလျှင်စိတ်ကြည်လင်ချမ်းသာ၏။တရားကိုနည်းမှန်လမ်းမှန်ကျင့်လျှင်လည်းချမ်းသာ၏။ဤနည်းဖြင့်သက်သာမှုကိုပေးနိုင်သည်။

ရဟန်းသံဃာတော်များအပေါ်၌အနည်းငယ်ဒါနပြုမှုရှိသေမှုစသောကောင်းမှုကိုပြုလျှင်ကြီးကျယ်သောအကျိုးကိုပေးသည်ဖြစ်၍သတ္တဝါတို့၏ဘေးဒုက္ခအပေါင်းကိုပယ်ဖျောက်ကာကွယ်ပေးတတ်သောကြောင့်သံဃာကိုသရဏဟုခေါ်၏။

## ဂမန

**ဂမန**သည်သွားခြင်းအဓိပ္ပါယ်ဖြစ်သော်လည်းဤနေရာ၌သိခြင်းအဓိပ္ပါယ်ကိုယူရမည်။

## သရဏဂမန

**သရဏမန**= သရဏဂုံဟူသည်ရတနာသုံးပါးကိုကိုးကွယ်အားကိုးရာဟုသိမှတ်ခြင်းဖြစ်၏။

ရတနာသုံးပါး၌ကိုးကွယ်အားထားသဖြင့်

ရတနာသုံးပါးအပေါ်ဝယ်မှန်ကန်ယုံကြည်မှုရှိသည့်အခါသဒ္ဓါတရားဖြစ်လာ၏။ထိုသဒ္ဓါတရားအကြောင်းရင်းခံပြီးမှန်ကန်သည့်အယူအဆအသိဉာဏ်လည်းဖြစ်တတ်၏။

ထို့ကြောင့်သရဏယူခြင်းဟူသည် ရတနာသုံးပါးအပေါ်၌မှန်ကန်သည့်ယုံကြည်မှုသဒ္ဓါတရားရှိရမည်။ထိုသဒ္ဓါတရားအကြောင်းအရင်းခံပြီးမှန်ကန်သည့်အယူအဆအသိဉာဏ်ဖြစ်ရမည်၊ယင်းသို့ကုသိုလ်စိတ်များဖြစ်နေခြင်းကိုဆိုလို၏။

ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ဓမ္မံ၊သံဃံသရဏံဂစ္ဆာမိဟုရွတ်ဆိုသည့်အခါ ထိုကုသိုလ်စိတ်များတကယ်ဖြစ်နေမှရှိနေမှ သရဏဂုံယူရာရောက်၏။

ချုပ်ပြောရလျှင်ရတနာသုံးပါးကိုကိုးကွယ်ရာ၌

မှန်ကန်သည့်ယုံကြည်မှုသဒ္ဓါ

မှန်ကန်သည့်အသိဉာဏ်ပညာများပါရှိနေမှသာသရဏဂုံယူသည်ဟုမှတ်ရမည်။

## သရဏဂုံ (၂) မျိုး

**လောကုတ္တရာသရဏဂုံ**

**လောကီသရဏဂုံ** - ဟူ၍သရဏဂုံသည်နှစ်မျိုးရှိ၏။

လောကုတ္တရာသရဏဂုံသည်သစ္စာလေးပါးကိုသိမြင်အပ်ပြီးသောအရိယာပုဂ္ဂိုလ်တို့၏မဂ်ခဏ၌ပြီး စီး၏၊တည်၏။

မဂ်ခဏ၌ပြီးစီးသော (တည်သော)
သရဏဂုံသည်မပျက်နိုင်သောကြောင့်၎င်း၊မဂ်နှင့်ဖိုလ်တို့သည်ပုဂ္ဂိုလ်တစ်ပါးတည်း၏တစ်သန္တာန်၌ ဖြစ်သောကြောင့်၎င်း၊ဖိုလ်ခဏနှင့်မဂ်ခဏဖိုလ်ခဏမှတပါးသောအခြားစိတ်ဖြစ်ရာခဏတို့၌ပြီးစီးမြဲ ပြီးစီး၊တည်မြဲတည်သည်သာဖြစ်၏။

အဘယ်နည်းဖြင့်မဂ်ခဏ၌ပြီးစီးပါသနည်း?

သရဏဂုံစိတ္တုပ္ပါဒ်ကိုညစ်နွမ်းစေတတ်သောကိလေသာတို့ကိုအကြွင်းမဲ့ဖြတ်သောအားဖြင့်၎င်း၊ နိဗ္ဗာန်ကိုအာရုံပြုသောအားဖြင့်၎င်း၊မဂ်ကိစ္စအားဖြင့်၎င်း၊လောကုတ္တရာသရဏဂုံသည်မဂ်ခဏ၌ပြီးစီး ပါသည်။

လောကုတ္တရာသရဏဂုံသည်လောကီသရဏဂုံကဲ့သို့ရတနာသုံးပါး၏ဂုဏ်တော်ကိုအာရုံပြုနေဖွယ်မ လိုသစ္စာလေးပါးကိုသိခြင်းသည်ပင်လောကုတ္တရာသရဏဂုဏ်ဖြစ်၏။

မဂ်ကိစ္စအားဖြင့်ပြီးစီး၏ဟူသည်ပရိညာကိစ္စဘာဝနာကိစ္စနှစ်ပါးတို့ဖြင့်ပြီးစီး၏ဟုဆိုလို၏။

သာဝကတို့သိထိုက်သောဗုဒ္ဓဂုဏ်တော်များကို၎င်း၊အရိယာသံဃာတော်၏ဂုဏ်တော်များကို၎င်း၊

ပိုင်းခြား၍သိပြီးဖြစ်သောကြောင့်ပရိညာကိစ္စသည်ပြီးစီး၏။

မိမိကိုယ်တိုင်နိဗ္ဗာန်ကိုမြင်၍မဂ်ဖြင့်ကိလေသာတို့အလိုကိုသတ်နိုင်ရကားဓမ္မဂုဏ်တော်ကိုလည်း ပိုင်းခြား၍သိခြင်းကိစ္စပြီးစီးသည်သာဖြစ်၏။

လောကီသရဏဂုံသည်ပုထုဇဉ်ပုဂ္ဂိုလ်တို့၏သရဏဂုံညစ်နွမ်းကြောင်းကိလေသာတို့ကိုပယ်ခွါခြင်း အားဖြင့်၎င်းဘုရားအစရှိသောဂုဏ်တော်များကိုအာရုံပြုသောအားဖြင့်၎င်း၊ပြီးစီးသည်၊တည်သည်။

ထိုလောကီသရဏဂုံသည် ဘုရားအစရှိသောကြည်ညိုစိတ်၏တည်ရာအာရုံ၌သဒ္ဓါကိုရခြင်းကို၎င်း၊ (ဉာဏဝိပ္ပယုတ်သရဏဂုံ) (မိဘစသည်တို့ကတိုက်တွန်းသဖြင့်လူငယ်များ၏ယုံကြည်မှုမျိုး) သဒ္ဓါအရင်းခံရှိသောပညာကို၎င်း (ဉာဏသမ္ပယုတ်သရဏဂုံ) ဆိုလို၏။

ဉာဏ်ပညာဖြစ်ရာ၌ယုံကြည်မှုသဒ္ဓါသည်အရင်းခံလျှက်ရှိ၏၊ဘုရားစသည်ကိုဖူးမြင်ရသော အခါရှေးဦးစွာကြည်ညိုမှုသဒ္ဓါဖြစ်၏၊ထိုသဒ္ဓါကိုအရင်းခံမှဂုဏ်တော်များအပေါ်၌အသိဉာဏ်ဖြစ်လာ နိုင်၏။

သဒ္ဓါကိုရခြင်း၊သဒ္ဓါအရင်းခံရှိသောပညာနှစ်မျိုးစလုံးကိုပင်

ပုညကြိယာဝတ္ထု(၁၀)ပါးတို့တွင်ဒိဋ္ဌိဇုကမ္မပုညကြိယာဝတ္ထုဟုခေါ်ရသည်။

မိမိ၏သပ္ပုရိသူပနိဿယ,သဒ္ဓမ္မဿဝန,ယောနိသောမနသိကာရစသောအကြောင်းတို့သည်ဖြောင့် မတ်သည်ကိုပြုအပ်သောကြောင့်သမ္မာဒိဋ္ဌိဟူသောဉာဏ်သည်ဒိဋ္ဌိဇုကမ္မမည်၏။

ဉာဏ်အမြင်ကိုဖြောင့်မတ်အောင်ပြုတတ်သောကြောင့်သဒ္ဓါသည်ဒိဋ္ဌိဇုကမ္မမည်၏။ရှေးဦးစွာ သဒ္ဓါတရားဖြစ်ပြီးမှထိုသဒ္ဓါတရားကဉာဏ်ကိုဖြောင့်မတ်အောင်ပြုလုပ်၏။

**လောကီသရဂုံ (၄)မျိုး**

၁။**အတ္တသန္နိယျာတနသရဏဂုံ** = မိမိကိုယ်ကိုအပ်နှင်းကြောင်းဖြစ်သောဒိဋ္ဌိဇုကမ္မ

၂။**တပ္ပရာယဏတာသရဏဂုံ** =
ရတနာသုံးပါးဟူသောလည်းလျောင်းရာရှိသူ၏ဖြစ်ကြောင်းဖြစ်ရာဒိဋ္ဌိဇုကမ္မ

၃။**သိဿဘာဝူပဂမနသရဏဂုံ** = တပည့်အဖြစ်သို့ကပ်ရောက်ကြောင်းဒိဋ္ဌိဇုကမ္မ

၄။**ပဏိပါတသရဏဂုံ** = မွန်မွန်မြတ်မြတ်လေးစားကြောင်းဒိဋ္ဌိဇုကမ္မ

- ❖ ခံယူချက်ယုံကြည်ချက်ကိုမစွန့်ဘဲအသက်နှင့်ခန္ဓာကိုယ်ကိုစွန့်ချင်စွန့်ရပါစေသေချင်သေပါ စေဟုအသက်နှင့်ခန္ဓာကိုယ်ကိုစွန့်ပြီးကိုးကွယ်မှုသည်အတ္တသန္နိယျာတနသရဏဂုံဖြစ်၏။

ဗုဒ္ဓဿအတ္တာနံပရိစ္စဇာမိ၊ဓမ္မဿ၊သံဃဿ။

ဗုဒ္ဓဿဇီဝိတံပရိစ္စဇာမိ၊ဓမ္မဿ၊သံဃဿ။

ဇီဝိတပရိယန္တိကံဗုဒ္ဓံသရဏံဂစ္ဆာမိ၊

ဗုဒ္ဓေါမေသရဏံ- ဟုဆို၍ဆောက်တည်မှုဖြစ်၏။

- ❖ မှီခိုစရာအားကိုးစရာရှိလျှင်ရတနာသုံးပါးကိုသာမှီခိုအားကိုးမည်ဟုကိုးကွယ်မှုသည်တပ္ပရာ ယဏတာသရဏဂုံမည်၏။

"ငါသည်သစ္စာလေးပါးကိုကိုယ်တိုင်သိမြင်ဘုရားရှင်ကိုရှိခိုးလျက်ၑင်းတရားတော်၏ကောင်းသေ ာတရား၏အဖြစ်ကိုၑင်းသံဃာတော်၏ကောင်းစွာကျင့်တော်မူသည်၏အဖြစ်ကိုၑင်းချီးမွမ်း၍နတ်ရွာ တစ်ရွာမှတစ်ရွာသို့ၑင်းနတ်မြို့တစ်မြို့မှတစ်မြို့သို့ၑင်းလှည့်လည်သွားလာပါတော့မည်"ဟုဆောက် တည်ထားသောအာဠာဝကအစရှိသောနတ်တို့၏သရဏဂုံကဲ့သို့ဖြစ်၏။

အာဠာဝကသာတာဂိရိဟေမဝတနတ်တို့သည် သောတာပန်ဖြစ်ပြီးမှ ဤစကားတို့ကို ပြောဆိုလျှောက်ထားကြသည်မဟုတ်ပါလော၊အဘယ်ကြောင့် လောကီသရဏဂုံကို ပြရာ၌ထည့်ထားပါသနည်း?

သောတာပန်ဖြစ်ပြီးမှပြောဆိုကြသော်လည်းရှိခိုးလျှက်လှည့်လည်သွားလာပါတော့မည်ဟုပြောဆိုသဖြင့်ဘုရားသာလျှင် အမြဲလည်းလျောင်းရာရှိကြောင်းကို ပြရာရောက်သောကြောင့် လောကီလောကုတ္တရာမခွဲခြားဘဲသာမညအားဖြင့် တပ္ပရာယဏတာသရဏဂုံ၏ သာဓကအဖြစ်ဖြင့် ထည့်သွင်းပြထား၏။

- ❖ တပည့်ခံရမည်ဆိုလျှင်ရတနာသုံးပါးတို့၏တပည့်ပဲခံမည်ဟုတပည့်အဖြစ်ကိုခံခြင်းသည် သိဿဘာဝူပဂမနသရဏဂုံမည်၏။

တပည့်တော်သည်ဆရာအစစ်ကိုဖူးတွေ့ရမည်ဆိုလျှင်အရှင်တော်မြတ်ဘုရားကိုသာဖူးတွေ့ရပါမည်၊အရှင်တော်မြတ်ဘုရားမှတစ်ပါးသောပုဂ္ဂိုလ်သည်တပည့်တော်၏ဆရာမဖြစ်နိုင်ပါဟုခံယူထားသောအရှင်မဟာကဿပ၏သရဏဂုံကဲ့သို့ဖြစ်၏။

- ❖ ရှိခိုးခြင်းခရီးဦးကြိုဆိုခြင်းလက်အုပ်ချီမှုကိုပြုခြင်းအရိုအသေပြုခြင်းပြုလုပ်ရမည်ဆိုလျှင်ရတနာသုံးပါးကိုသာမွန်မွန်မြတ်မြတ်ပြုလုပ်ခြင်းသည်ပဏိပါတသရဏဂုံမည်၏။

    ပြဟ္မာယုပုဏ္ဏားကြီးသည်ဝိဒေဟတိုင်းပြည်မိထိလာမြို့၌နေထိုင်သည့်အသက် (၁၂၀) ရှိပြီးဖြစ်၍အသက်အကြီးဆုံးပစ္စည်းလည်းအချမ်းသာဆုံးပညာလည်းအတတ်ဆုံးပါမောက္ခကီးဖြစ်၏။ဗုဒ္ဓသည်သူနေထိုင်သည့်မြို့သို့ကြွရောက်တော်မူသောအခါသိလိုသောပြဿနာကိုမေး၍ဗုဒ္ဓ၏အဖြေအဆုံး၌နေရာမှထ၍လက်ဝဲဖက်ပခုံးထက်၌ကိုယ်ဝတ်ကိုတင်ပြီးမြတ်ဗုဒ္ဓ၏ခြေတော်အစုံတို့ကိုဦးတိုက်ကာနှုတ်ခမ်းဖြင့်နမ်းစုပ်၏၊လက်နှစ်ဖက်တို့ဖြင့်ဆုပ်နယ်၏။`အရှင်ဂေါတမအကျွန်ုပ်သည်ပြဟ္မာယုပါ’[2]ဟုမိမိအမည်ကိုလည်းလျှောက်ထား၏။ယင်းသို့မွန်မွန်မြတ်မြတ်ပြုလုပ်ခြင်းဖြစ်၏။ (မ၊၂၊၃၃၄) ပြဟ္မာယုသုတ်

## ပဏိပါတ (၄)မျိုး

၁။**ဉာတိပဏိပါတ** = ဆွေမျိုးတော်သဖြင့်အရိုအသေပြုခြင်း

၂။**ဘယပဏိပါတ** = ကြောက်သဖြင့်အရိုအသေပြုခြင်း။

၃။**အာစရိယပဏိပါတ** = ဆရာဖြစ်နေသဖြင့်အရိုအသေပြုခြင်း

၄။**ဒက္ခိဏေယျပဏိပါတ** = အလှူခံထိုက်သောပုဂ္ဂိုလ်ထူးဖြစ်သဖြင့်အရိုအသေပြုခြင်း

ဟုပဏိပါတ(၄)မျိုးရှိ၏။

ဘာသာခြားဆွေမျိုးဘုန်းကြီးကိုရှိခိုးခြင်း၊ဒုက္ခပေးနိုင်၍ အာဏာရှင်ကို ကြောက်သဖြင့် ရှိခိုးခြင်း အတတ်ပညာတစ်ခုခုကို သင်ပေးသည့်ဘာသာခြားပုဂ္ဂိုလ်ကို ရှိခိုးခြင်းတို့မှာ သရဏဂုံမပျက်၊လောကယဉ်ကျေးမှုအရပြုလုပ်ခြင်းသာဖြစ်၏။

ထိုသူတို့အပေါ်၌အလှူခံထိုက်သောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်သဖြင့်သဘောထား၍တကယ်ယုံကည်သည့်စိတ်အသိဉာဏ်ရှိသည့်စိတ်ဖြင့်ရှိခိုးမှသာသရဏဂုံပျက်၏။

နတ်ကိုကိုးကွယ်ရာ၌တစ်စုံတစ်ခုလာဘ်ကိုမျှော်၍ရှင်းဘေးရန်ကိုကာကွယ်လိမ့်မည်ဟုထင်မှတ်၍ရှင်းနတ်ကိုရှိခိုးပူဇော်ခြင်းကြောင့်သရဏဂုံမပျက်၊သို့သော်ရတနာသုံးပါးထက်မြတ်သည်ဟုသဘောထား၍ကိုးကွယ်လျှင်ကားသရဏဂုံပျက်၏။

## သရဏဂုံပျက်ခြင်း (၂)မျိုး

၁။အပြစ်ရှိသည့်သရဏဂုံပျက်ခြင်း

၂။အပြစ်မရှိသည့်သရဏဂုံပျက်ခြင်းဟုသရဏဂုံပျက်ခြင်း (၂)မျိုးရှိ၏။

- ❖ အပြစ်ရှိသည့်သရဏဂုံပျက်ခြင်းသည်အခြားဘာသာကိုဝင်ခြင်း၊အခြားဘာသာသို့ပြောင်းခြင်းဖြစ်၏။မှားသည့်အယူဝါဒရှိသူကိုချစ်ခင်တွယ်တာခြင်းမှန်သည့်အယူဝါဒကနေမှားသည့်အယူအဆကိုပြောင်းသွားခြင်းကြောင့်ဖြစ်၏။
- ❖ အပြစ်မရှိသည့်သရဏဂုံပျက်ခြင်းမှာ သေသွားလျှင် ဆောက်တည်ထားသည့်သရဏဂုံပျက်၏၊လောကီသရဏဂုံကိုဆိုလို၏၊လောကုတ္တရာသရဏဂုံသည်မပျက်၊သေလျှင်သရဏဂုံပျက်မှုသည်ပုထုဇဉ်ပုဂ္ဂိုလ်များသာဖြစ်၏၊ အရိယာပုဂ္ဂိုလ်များမှာ ဘယ်တော့မှမပျက်ကြ။

## သရဏဂုံဆောက်တည်မှု (၂)မျိုး

သီလသည်ကာလအပိုင်းအခြားရှိမှု- မရှိမှု (၂)မျိုးရှိသကဲ့သို့

သရဏဂုံဆောက်တည်မှုသည်လည်း

၁။ကာလအပိုင်းအခြားဖြင့်ဆောက်တည်ရမှု

၂။ကာလအပိုင်းအခြားမရှိဘဲဆောက်တည်မှု-ဟု (၂)မျိုးရှိ၏။

ကာလအပိုင်းအခြားမရှိဘဲဆောက်တည်ထားလျှင်သေမှသရဏဂုံပျက်၏။

သေလျှင်သရဏဂုံပျက်သောကြောင့်ယခုအခါလူသေလျှင်သရဏဂုံတင်ကြဟန်တူသည်ဟုမဟာဂန္ဓာရုံဆရာတော်ကမိန့်၏။သို့သော်အလောင်းကောင်သည်သရဏဂုံမယူနိုင်သဖြင့်တင်၍မရနိုင်၊အကယ်၍သေသူကအနီးအနားမှာဖြစ်နေလျှင်ကားသရဏဂုံယူနိုင်စရာရှိ၏။ကျန်ရစ်သူများအတွက်သရဏဂုံယူခြင်းဖြစ်၏။

## ကိစ္စနှင့်ကရဏီယ

- ❖ မပြုမနေရဧကန်ပြုရမည့်အလုပ်သည်ကိစ္စ

ပြုသင့်လျှင်ပြုရမည့်အလုပ်သည်ကရဏီယ

- ❖ အစဦးစွာပထမပြုလုပ်ရမည့်အလုပ်သည်ကိစ္စ

နောက်မှပြုလုပ်ရမည့်အလုပ်သည်ကရဏီယ

- ❖ သာမန်သေးငယ်သောအလုပ်သည်ကိစ္စ

အထူးကြီးကျယ်သောအလုပ်သည်ကရဏီယ

**သာမညဖလသုတ်ကိုနာကြားရခြင်းအကျိုး**

၁။အိပ်ပျော်မှုကိုရခြင်း

၂။ရတနာသုံးပါးကိုကြီးစွာပူဇော်သက္ကာရပြုခြင်း

၃။ပုထုဇဉ်ဘဝ၌အသာဆုံးသဒ္ဓါကိုရခြင်း

ဤ(၃)မျိုးသည်မျက်မှောက်ဘဝ၌ရသောအကျိုးဖြစ်၏။

၄။ပစ္စေကဗုဒ္ဓါဖြစ်၍ပရိနိဗ္ဗာန်စံရခြင်း

ဤအကျိုးကားအလွန်ဆုံးဖြစ်သောတမလွန်ဘဝ၌ရသောအကျိုးဖြစ်၏။